**ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**

ညွှန်ကြားချက်အမှတ် ( ၁၃၆ /၂၀၂၁)

ရန်ကုန်၊ ၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**ကုမ္ပဏီ/အဖွဲ့အစည်း အမည်ဖြင့် သီးခြားငွေစာရင်း (Corporate Account)**
**ဖွင့်လှစ်ရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် အချို့သော ကုမ္ပဏီ/အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာကိစ္စများတွင် ဘဏ်များ၌ သီးခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်မှုမပြုဘဲ ဒါရိုက်တာများ၏ဘဏ်ငွေစာရင်းကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၅ (က) အရ ကုမ္ပဏီသည် ၎င်းတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင်အခွင့်အရေးများရှိသည့် တရားဝင်အဖွဲ့အစည်း တစ်ရပ် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ကုမ္ပဏီတိုင်းအနေဖြင့် သီးခြားဘဏ်ငွေစာရင်းထားရှိရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် ငွေကြေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် ကုမ္ပဏီ/အဖွဲ့အစည်းများ အမည်ဖြင့် သီးခြားဘဏ်ငွေစာရင်း (Corporate Account) ဖွင့်လှစ် ၍ ဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ အပ်နှင်း ထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ဤညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၄။ ဤညွှန်ကြားချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ/အဖွဲ့အစည်း အားလုံးနှင့် သက်ဆိုင်စေရမည်။

သန့်စင်လွင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

စာအမှတ် ၊ ၂၂ / ၄၀ / ၀၂ ( ၀၂၅၃ /၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ လ ၂၂ ရက်